## ၂၀၁၉ ခုနှစ်
## တက္ကသိုလ်ဝင်စာမေးပွဲ
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

သမိုင်း　　　　(နမူနာမေးခွန်း )　　　　ခွင့်ပြုချိန် (၃)နာရီ

သတိပြုရန်။　　။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

(၁) ၁၉၃၂ နိုဝင်ဘာတွင် -------- ရွေးကောက်ပွဲကျင်းပသည်။

(၂) ၁၈၆၈ တွင် -------- အား အိန္ဒိယအက် ဥပဒေများကို မြန်မာနိုင်ငံတွင်း၌ ပြဋ္ဌာန်းနိုင်သော အာဏာပိုင်ကို ပေးအပ်ခဲ့သည်။

(၃) ၁၉၄၆ ဩဂုတ်တွင် စစ်အုပ်ချုပ်ရေးကာလ အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်ဟူးဘတ်ရန့်ကို ဆာဘွဲ့ပေး၍ မြန်မာနိုင်ငံ -------- အဖြစ် ပြောင်းလဲခန့်ထားလိုက်သည်။

(၄) ၁၉၄၇ တွင် -------- အသင်း ပေါ်ပေါက်လာသဖြင့် မြန်မာစာပေ တိုးတက်ရေးတွင် အရှိန်ရစေသည်။

(၅) အဖွဲ့ဝင် -------- ဦးဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းခဲ့သည်။

(၆) ဒူးမားယာယီကောမတီသည် မြေပိုင်ရှင် မင်းသားကြီးလာဗော့ကို -------- ခန့်၍ ယာယီ အစိုးရဖွဲ့စည်းသည်။

(၇) အင်ဒိုချိုင်းနားအမျိုးသားလှုပ်ရှားမှုသည် -------- အမျိုးသားလှုပ်ရှားမှု အသွင်သဏ္ဌာန်ဖြင့်သာထင်ရှားပေါ်ထွန်းလာသည်။

(၈) ဂျာမန်တို့သည် ရေတပ်၊ လေတပ်နှင့် -------- ယန္တရားတပ်များကို တိုးချဲ့ဖွဲ့စည်းလာသည်။

(၉) အရှေ့ဥရောပနိုင်ငံများသည် -------- ကမ္ဘာစစ်အတွင်း နာဇီဂျာမနီ၏ လက်အောက်ခံ အဖြစ်ကျရောက်ခဲ့သည်။

(၁၀) ၁၉၅၃ စက်တင်ဘာတွင် -------- သည် ဆိုဗီယက်ကွန်မြူနစ်ပါတီ၏ အထွေထွေ အတွင်းရေးမှူး ဖြစ်လာသည်။

[ တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ အဖြေမှန်တစ်ခု ကို အဖြေစာအုပ်တွင ရေးပါ။ (၁၀ မှတ်)

(၁) တိုင်းရင်းသားတို့၏ ပါတော်မူပြီးစ တော်လှန်ရေးသည် ၁၈၉၆ ခန့်တွင် -------- ၌ ချုပ်ငြိမ်းသွားခဲ့ရသည်။

(က) တောင်တန်းဒေသ (ခ) အထက်မြန်မာနိုင်ငံ (ဂ) မြေပြန့်ဒေသ

(၂) မောင့်ဘက်တန်နှင့် မြန်မာကိုယ်စားလှယ်များ ဆွေးနွေးကြပြီးနောက် -------- ကို ၁၉၄၅ စက်တင်ဘာ ၇ တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

(က) အောင်ဆန်းအက်တလီစာချုပ် (ခ) စက္ကူဖြူစာတမ်း (ဂ) ကန္ဒီစာချုပ်

(၃) လွတ်လပ်ရေးရသောအခါ -------- သည် နိုင်ငံတော်အဓိပတိဖြစ်လာသည်။

(က) သခင်ထွန်းအုပ် (ခ) ဒေါက်တာဘမော (ဂ)ဒေါက်တာသိမ်းမောင်

(၄) အစောဆုံး မြန်မာပုံနှိပ်စာအုပ်ကို ၁၇၇၆ တွင် -------- ၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။

(က) ရောမမြို့ (ခ) လန်ဒန်မြို့ (ဂ) ဘုံဘေမြို့

(၅) အိမ်စောင့်အစိုးရလက်ထက် ငြိမ်ဝပ်ပိပြားရေးကို ဦးစားပေးဆောင်ရွက်ရာတွင်ထင်ရှားသည့် ဆောင်ရက်ချက်မှာ -------- များ တည်ထောင်ခြင်းဖြစ်သည်။

(က) ကြက်ခြေနီအဖွဲ့ (ခ) ကြံ့ခိုင်ရေးအဖွဲ့ (ဂ) လူငယ်အဖွဲ့

(၆) ၁၉၁၄ တွင် ပထမကမ္ဘာစစ်ဖြစ်သောအခါ -------- သည် အင်္ဂလိပ်-ပြင်သစ်တို့ ဦးဆောင်သော မဟာမိတ်အဖွဲ့ဘက်မှ ပါဝင်တိုက်ခိုက်သည်။

(က) ဩစတြီးယား (ခ) ဂျာမနီ (ဂ) ရုရှ

(၇) အင်ဒိုနီးရှား အမျိုးသားလှုပ်ရှားမှုသည် -------- နယ်ပယ်မှ စတင်ခဲ့သည်။

(က) ယဉ်ကျေးမှု (ခ) စီးပွားရေး (ဂ) နိုင်ငံရေး

(၈) နာဇီပါတီကတည်ထောင်သူ ဟစ်တလာ (၁၈၈၉-၁၉၄၅)သည် -------- နိုင်ငံသား ဖြစ်သည်။

(က) ဂျာမနီ (ခ) ဩစတြီးယား (ဂ) ပိုလန်

(၉) ၁၉၄၆ ဇန်နဝါရီတွင် -------- ပြည်သူ့ဒီမိုကရေစီသမ္မတနိုင်ငံကို တည်ထောင်နိုင် ခဲ့သည်။

(က) ယူဂိုဆလားဗီးယား (ခ) ရူမေးနီးယား (ဂ) အယ်လ်ဘေးနီးယား

(၁၀) ဘရူနိုင်း၏ အဓိကကုန်သွယ်ဘက်နိုင်ငံမှာ -------- ဖြစ်လာသည်။

(က) စင်ကာပူ (ခ) ကနေဒါ (ဂ) ဂျပန်

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ လေးပုဒ ကိုမှတ်စုတိုရေးပါ။ (၂၀ မှတ်)

(က) ဘီအီအေ (၅) မှတ်

(ခ) ကိုလိုနီခေတ်မြန်မာ့ပန်းချီ (၅) မှတ်

(ဂ) အိမ်စောင့်အစိုးရအဖွဲ့၏လုပ်ငန်းစဉ်များ (၅) မှတ်

(ဃ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (၅) မှတ်

(င) အိန္ဒိယအမျိုးသားကွန်ဂရက် (၅) မတ်

(စ) စပိန်ပြည်တွင်းစစ် (၅) မှတ်

(ဆ) အမေရိကန်ဦးဆောင်သောအနောက်အုပ်စုပေါ်ပေါက်လာခြင်း (၅) မှတ်

(ဇ) အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO) (၅) မှတ်

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ နှစ်ပုဒ ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) ဂျီစီဘီအေ ခေါ် မြန်မာ့အသင်းချုပ်ကြီး(၁၉၂၀–၁၉၃၀) ကို အဘယ့်ကြောင့် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးဟုညွှန်းဆိုနိုင်ပါသနည်း။ဝေဖန်ဆွေးနွေးပါ။ (၁၅) မှတ်

(၂) ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂–၁၉၄၅) ဖြစ်ပွားစေရန် ဖန်တီးပေးလာသော အခြေအနေများကို သုံးသပ်တင်ပြပါ။ (၁၅) မှတ်

(၃) အင်္ဂလိပ်အစိုးရက ၁၉၂၃ မှ ၁၉၃၇ အတွင်း မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော ဒိုင်အာခီ သည် နိုင်ငံသားအများစုက လိုလားသော ကိုယ်ပိုင် အုပ်ချုပ်ရေးပုံစံ ဖြစ်ခဲ့သည်ဟုထင်မြင်ပါသလား။ သင်၏အယူအဆကိုတင်ပြပါ။ (၁၅) မှတ်

(၄) ဖဆပလအဖွဲ့ကို အတိအလင်းအုပ်စုနှစ်စုကွဲသွားစေသော အကြောင်းရင်းများကို လေ့လာဆန်းစစ်တင်ပြပါ။ (၁၅) မှတ်

[ တစ်ဖက်သို့

# အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) ပထမကမ္ဘာစစ်ဖြစ်ရသည့်အကြောင်းရင်းများအနက် အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်လာခြင်းသည်အကြောင်းရင်းတစ်ခုဖြစ်ခဲ့သည်ကိုတင်ပြဆွေးနွေးပါ။ (၁၅) မှတ်

(၂) ဂန္ဒီနှင့်ကွန်ဂရက်ပါတီလှုပ်ရှားမှုသည်ပထမကမ္ဘာစစ်ပြီးခေတ် အိန္ဒိယအမျိုးသား လှုပ်ရှားမှု အပေါ်မည်မျှ ဦးဆောင်မှုပေးနိုင်ခဲ့ပါသနည်း။ဝေဖန်ဆွေးနွေးပါ။ (၁၅) မှတ်

(၃) ဟစ်တလာသည် လူမျိုးကြီးဝါဒကို အကောင်အထည်ဖော်သည့်အနေဖြင့် ဩစတြီးယားနှင့် ချက်ကိုစလိုဗားကီးယားနိုင်ငံတို့အား ကျူးကျော်သိမ်းပိုက်ခဲ့သည်ဟူသော အဆိုကို ဝေဖန်ရေးသားပါ။ (၁၅) မှတ်

(၄) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များကို အကဲဖြတ်ပါ။ (၁၅) မှတ်